# ထိုင်းနိုင်ငံ Koh Tao ( လိပ်ကျွန်း ) လူသတ်မှုနှင့် ပတ်သက်၍ ဝိုင်းရံကူညီအားပေးကြပါရန်မြန်မာနိုင်ငံသားများထံသို့ အသိပေးမေတ္တာရပ်ခံပန်ကြားခြင်း

၁။ ၂၀၁၄ခုနှစ်၊ စက်တင်ဘာလ(၁၅) ရက်နေ့တွင် ထိုင်းနိုင်ငံတောင်ပိုင်း Koh Tao ( လိပ်ကျွန်း )၌ ကမ္ဘာလှည့်ခရီးသည် ဗြိတိန်နိုင်ငံသား Mr. David Miller နှင့် Miss Hnnah Witheridge တို့အား သတ်မှုဖြင့် ဖမ်းဆီးစွပ်စွဲခံရသော မြန်မာနိုင်ငံသား ဝင်းဇော်ထွန်း နှင့် ဇော်လင်းတို့အား ထိုင်းနိုင်ငံ၊ စူရတ်ဌာနီခရိုင်၊ ကော့စမွီအကျဉ်းထောင်၌ ဖမ်းဆီးချုပ်နှောင်ထားခဲ့သည်မှာ ၂၀၁၅ခုနှစ်၊ စက်တင်ဘာလ(၁၅) ရက်နေ့တွင် တစ်နှစ်ပြည့်ခဲ့ပြီး၊ ကမ္ဘာ့သတင်း မီဒီယာများတွင်လည်း ကျယ်ပြန့်စွာရေးသားဖော်ပြခဲ့ကြရာ မြန်မာနိုင်ငံသားများသာမက ကမ္ဘာကစိတ်ဝင်စားသည့် ထိပ်တန်းအထူးသတင်းဖြစ်ခဲ့သည်ကို အားလုံးက ပြန်လည်အမှတ်ရကြပေဦးမည်ဖြစ်ပါသည်။

၂။ ဤအမှုတွင် စွပ်စွဲခံရသူ မြန်မာနိုင်ငံသား ဝင်းဇော်ထွန်းနှင့် ဇော်လင်းတို့ အမှုကို ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၁၄) ရက်နေ့မှစတင်၍ ထိုင်းနိုင်ငံ၊ စူရတ်ဌာနီခရိုင်၊ ကော့စမွီ တရားရုံး၌ အမှုစစ်ဆေးကြားနာမှုများပြုလုပ်ခဲ့ရာ အကျိုးဆောင်ရှေ့နေများအဖြစ် ထိုင်းနိုင်ငံ ရှေ့နေများကောင်စီ အဖွဲ့မှ ရှေ့နေများက အမှုမှန်ပေါ်ပေါက်ရေး အတွက် စိတ်အားထက်သန်စွာဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။ အမှုအား ဆက်လက်စစ်ဆေးကြားနာမှုကို စက်တင်ဘာလ( ၂၂၊ ၂၃ ၊၂၄ ရက် နှင့် ၂၅ ရက်နေ့)များတွင်ကော့စမွီတရားရုံး၌ပြုလုပ်သွားမည်ဖြစ်ပါသည်။



**သံအမတ်ကြီး ဦးဆောင်၍ ထိုင်းရှေ့နေများကောင်စီမှ ရှေ့နေကြီးများနှင့်၊ အထူးစုံစမ်းရေးအဖွဲ့ လိပ်ကျွန်းအမှုကိစ္စဆွေးနွေးကြစဉ်**

၃။ ယခုခါ အမှုစစ်ဆေးကြားနာမှုသည် အထူးအရေးကြီးသည့် အခြေအနေသို့ရောက်ရှိလာပြီဖြစ်ရာ မြန်မာသံရုံး၊ ဗန်ကောက်မြို့မှ သံအမတ်ကြီးဦးဆောင်၍ အထူးစုံစမ်းရေးအဖွဲ့နှင့် အတူ ထိုင်းရှေ့နေများကောင်စီမှ ရှေ့နေကြီးများဖြစ်ကြသော Mr. Suwut Chaelbol ၊ Mr.Chamorro Panompakakorn နှင့် Mr. Nakorn Chukfucha တို့အား ၁၆-၉-၂၀၁၅ ရက် နေ့တွင် မြန်မာသံရုံး၌ တွေ့ဆုံလျက် ဥပဒေဘောင်အတွင်းမှ တရားမျှတစွာ အမှုမှန်ပေါ်ပေါက်ရေး၊ မနစ်နာထိုက်သူ မနစ်နာစေရန်၊ ကျူးလွန်သူအား ဥပဒေဘောင်အတွင်း အပြစ်ပေးနိုင်ရေးစသည်တို့ကို ဆွေးနွေးတိုင်ပင်ကြပါသည်။

၄။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံသားများ မည်သူမဆို အမှန်တရားဖြစ်စေရေးအတွက် ဝိုင်းရံကူညီကြပါရန် ၊ အမှန်တရားအတွက် သက်သေထွက်ဆိုနိုင်သူများရှိပါက မြန်မာသံရုံး၊ ဗန်ကောက်မြို့ အောက်ဖော်ပြပါ ပုဂ္ဂိုလ်၊ ဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါကြောင်း မြန်မာနိုင်ငံသားများ အားလုံးသို့ အသိပေး မေတ္တာရပ်ခံပန်ကြားအပ်ပါသည်။

| | | |
|---|---|---|
| (က) | ဦးဝဏ္ဏဟန် ၊ သံမှူးကြီး | ဖုန်း - ၀၂ ၂၃၇ ၈၈၈၆ |
| (ခ) | ဦးထွန်းအေး ၊ ဒုတိယအတွင်းဝန် | ဖုန်း - ၀၂ ၂၃၄ ၄၆၉၈ |
| (ဂ) | ဦးအောင်မျိုးသန့်၊အထူးစုံစမ်းရေးအဖွဲ့ဝင် | ဖုန်း - ၀၈၉ ၆၅၂ ၅၆၉၆ |

မြန်မာသံရုံး
ဗန်ကောက်မြို့

ရက်စွဲ၊ ၂၀၁၅ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်